# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မွန်ပြည်နယ်လွှတ်တော်

## မွန်ပြည်နယ်အလတ်စားနှင့်အသေးစားပုဂ္ဂလိက လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာဥပဒေ
(၂၀၁၆ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄။)

## မွန်ပြည်နယ်စည်ပင်သာယာရေးဆိုင်ရာ အခွန်၊ အခ၊ အကောက်များဥပဒေ
(၂၀၁၇ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆။)

## မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၈ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။)

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၈ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။)

၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်

မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေကိုပြင်ဆင်သည့် ဥပဒေ | ၁ - ၈ |

# မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၈ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။)

## ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

## (၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်)

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(တ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(တ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးများအား နည်းအမျိုးမျိုးအသုံးပြု၍ မူလအခြေအနေမှ ပြုပြင်ပြောင်းလဲခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင်စားသုံးရန်မှတစ်ပါး အကောင်အထည်ဖော်ထုတ်လုပ်သည့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးဆားနယ်၊ ငါးကြပ်တိုက်ခြင်း စသောလုပ်ငန်းများနှင့်မွေးမြူရေးအစားအစာထုတ်လုပ်သည့်လုပ်ငန်းများ၊ အများပြည်သူစားသုံးရန်အတွက် ရည်ရွယ်ထုတ်လုပ်သည့်လုပ်ငန်းများလည်း ပါဝင်သည်၊"

၃။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(ဓ)၏ နောက်တွင် ပုဒ်မခွဲ(န)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(န) **ပူးပေါင်းစီမံခန့်ခွဲသည့်ရေပြင်** ဆိုသည်မှာ ဂေဟစနစ်များကောင်းမွန်စေပြီး ငါးသယံဇာတများ ရေရှည်တည်တံ့ပွားများစေရန်၊ ငါးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြည်နယ်ငါးလုပ်ငန်းကော်မတီက အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသော ရေပြင်ကို ဆိုသည်၊"

(ခ) "ပုဒ်မခွဲ(န)၊ ပုဒ်မခွဲ(ပ)၊ ပုဒ်မခွဲ(ဖ)၊ ပုဒ်မခွဲ(ဗ)၊ ပုဒ်မခွဲ(ဘ)၊ ပုဒ်မခွဲ(မ)၊ ပုဒ်မခွဲ(ယ)၊ ပုဒ်မခွဲ(ရ)၊ ပုဒ်မခွဲ(လ)၊ ပုဒ်မခွဲ(ဝ)တို့ကို ပုဒ်မခွဲ (ပ)၊ ပုဒ်မခွဲ(ဖ)၊ ပုဒ်မခွဲ(ဗ)၊ ပုဒ်မခွဲ(ဘ)၊ ပုဒ်မခွဲ(မ)၊ ပုဒ်မခွဲ(ယ)၊ ပုဒ်မခွဲ(ရ)၊ ပုဒ်မခွဲ(လ)၊ ပုဒ်မခွဲ(ဝ)၊ ပုဒ်မခွဲ(သ)တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်၊"

(ဂ) ပုဒ်မခွဲ(သ)၏နောက်တွင် ပုဒ်မခွဲ(ဟ)နှင့်ပုဒ်မခွဲ(ဠ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဟ) **ရေလုပ်သား** ဆိုသည်မှာ ငါးဖမ်းလုပ်ငန်း၊ ငါးပြုပြင်မွမ်းမံလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်း၊ ရေထွက်ပစ္စည်းများစုဆောင်းသယ်ယူရောင်းဝယ်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်သူများကို ဆိုသည်၊

(ဋ) **ရေလုပ်သားအစုအဖွဲ့** ဆိုသည်မှာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက တရားဝင်အသိအမှတ်ပြုဖွဲ့စည်းထားသော ရေလုပ်သားအစုအဖွဲ့ကို ဆိုသည်။"

၄။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) ရေလုပ်သားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်"

၅။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်ကိုယ်စားလှယ်(၂)ဦး"

၆။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၆ တွင် -

(က) ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) ဘေးမဲ့အင်းများ၊ သီးသန့်အင်းများ၊ ငါးမျိုးထိန်းသိမ်းရန်အတွက် ပူးပေါင်းစီမံခန့်ခွဲသည့်ငါးလုပ်ငန်းရေပြင်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊"

(ခ) ပုဒ်မခွဲ (ပ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ပ) ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ခြင်း၊"

(ဂ) ပုဒ်မခွဲ(တ)၏ နောက်တွင် ပုဒ်မခွဲ (ထ)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ထ) စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း။"

၇။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဇ) ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရေးအတွက် ဇီဝမျိုးစုံမျိုးကွဲများရှာဖွေရယူသည့်အချိန်၊ ကာလ၊ ဒေသများကို ညှိနှိုင်းသတ်မှတ်ပေးခြင်း၊"

၈။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဇ)၏ နောက်တွင် ပုဒ်မခွဲ (ဈ)နှင့်ပုဒ်မခွဲ(ည)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ) ငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲမှုရေပြင်တွင် ပူးပေါင်းစီမံခန့်ခွဲမှုအစီအစဉ်အား နှစ်စဉ်ရေးဆွဲတင်ပြစေခြင်းနှင့်အစီရင်ခံတင်ပြစေခြင်း၊

(ည) ပူးပေါင်းစီမံခန့်ခွဲသည့် ရေလုပ်သားအစုအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း။"

၉။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၉။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူရေလုပ်သားများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လျှောက်ထားလာလျှင် စိစစ်ပြီး ထုတ်ပေးနိုင်သည်။"

၁၀။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ အခန်း(၆) ခေါင်းစဉ်ကို အောက်ပါအတိုင်းအစားထိုးရမည်-

**"ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ရေလုပ်သားအစုအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ"**

၁၁။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၃၀ တွင်ပါရှိသော "ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ" ဆိုသည့်စကားရပ်ကို "ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ရေလုပ်သားအစုအဖွဲ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ဃ)၏နောက်တွင် ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(င) ပြည်နယ်ကော်မတီက သတ်မှတ်ပေးထားသည့်တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်အညီငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲမှုရေပြင်အား ကြီးကြပ်စစ်ဆေးဆောင်ရွက်ပေးရမည်၊

(စ) ငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲမှုရေပြင်တွင် ပူးပေါင်းစီမံခန့်ခွဲမှုအစီအစဉ်အား နှစ်စဉ်ရေးဆွဲတင်ပြခြင်း၊ အစီရင်ခံစာတင်ပြခြင်းနှင့်အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ရမည်၊

(ဆ) ပြည်နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်၊ သတ်မှတ်ချက်များနှင့်အညီ ဤဥပဒေအရ ရေလုပ်သားအစုအဖွဲ့များသည် ပူးပေါင်းစီမံခန့်ခွဲသည့်ရေပြင်အတွင်း စစ်ဆေး အရေးယူရာတွင် ငါးလုပ်ငန်းဦးစီးဌာနနှင့်သက်ဆိုင်ရာဌာနများ၏ အကူအညီကို ရယူဆောင်ရွက်ရမည်။"

၁၃။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(စ) ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်သို့မဟုတ်ရေလုပ်သားအစုအဖွဲ့မှ ကိုယ်စားလှယ်(၂)ဦး"

၁၄။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ဆ)၏ နောက်တွင် ပုဒ်မခွဲ (ဇ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) စစ်ဆေးရေးအဖွဲ့သည် မိမိ၏တာဝန်၊ ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက အခြားသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအား အကူအညီတောင်းခံနိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း။"

။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၄၀ ၏ ခြေဆင်းကို
ာက်ပါအတိုင်းအစားထိုးရမည် -

“၄၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ရေလုပ်သား အစုအဖွဲ့သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်သည် -”

။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ(ဃ)၏
ာက်တွင် ပုဒ်မခွဲ(င)နှင့်ပုဒ်မခွဲ(စ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်
ည် -

“(င) ပူးပေါင်းစီမံခန့်ခွဲမှုရေပြင်အား ဥပဒေနှင့်အညီဆောင်ရွက်ရန် တာဝန်ပျက်ကွက်ခြင်း၊

(စ) ပူးပေါင်းစီမံခန့်ခွဲမှုရေပြင်အတွင်း ကြီးမားသောအငြင်းပွားမှုနှင့်ရေလုပ်သားများအကြား ပဋိပက္ခမှုများ ဖြစ်ပွားခြင်း”

။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂ တွင် -

(က) ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဃ) တားမြစ်ထားသော အချိန်ကာလနှင့်နေရာဒေသများတွင် ငါးဖမ်းခြင်း၊”

(ခ) ပုဒ်မခွဲ (င)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(င) ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရေးအတွက် တားမြစ်ထားသော နေရာ၊ ဒေသအတွင်း ရှာဖွေရယူခြင်း၊ ပျက်စီးစေခြင်း၊”

၁၈။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၄၇ ၏ ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည် -

"၄၇။ မည်သူမျှ အင်း သို့မဟုတ် အင်းနယ်နိမိတ်နှင့် အင်းကို ထိခိုက်ပျက်စီးစေနိုင်သော ဆက်စပ်ဧရိယာ အတွင်း အောက်ပါတို့ကို မပြုလုပ်ရ -"

၁၉။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၅၆ ၏ နောက်တွင် ပုဒ်မ ၅၇ ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၅၇။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရဖူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့်ပြစ်ဒဏ်၏နှစ်ဆအထိ ကျခံစေရမည်။"

၂၀။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၅၇၊ ပုဒ်မ ၅၈၊ ပုဒ်မ ၅၉၊ ပုဒ်မ ၆၀၊ ပုဒ်မ ၆၁၊ ပုဒ်မ ၆၂ နှင့် ပုဒ်မ ၆၃ တို့ကို ပုဒ်မ ၅၈၊ ပုဒ်မ ၅၉၊ ပုဒ်မ ၆၀၊ ပုဒ်မ ၆၁၊ ပုဒ်မ ၆၂၊ ပုဒ်မ ၆၃ နှင့် ပုဒ်မ ၆၄ တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာအေးဇံ

ဝန်ကြီးချုပ်

ပြည်နယ်အစိုးရအဖွဲ့